

Form (2)

1779.b
19.12.2015

THE REPUBLIC OF THE UNION OF MYANMAR

The Myanmar Investment Commission

PERMIT

Permit No. 1054 /2015 Date 19th December 2015

This Permit is issued by the Myanmar Investment Commission according to the section 13, sub-section (b) of the Republic of the Union of Myanmar Foreign Investment Law-

(a) Name of Investor/Promoter MR. LIAO, YU-PIN

(b) Citizenship TAIWANESE

(c) Address 10F, NO.428, PUNHUA ROAD, TAICHUNG CITY 406, TAIWAN, REPUBLIC OF CHINA

(d) Name and Address of Principal Organization WINCAELUM GLOBAL COMPANY LIMITED, ROOM 41, 4th FLOOR, BRITANNIA HOUSE, CATOR ROAD, BANDAR SERI BEGAWAN BS 8811, NEGARA BRUNEI DARUSSALAM

(e) Place of incorporation BRUNEI DARUSSALAM

(f) Type of Investment Business MANUFACTURING AND MARKETING OF INDUSTRIAL DISPLAY

(g) Place(s) at which investment is permitted HOLDING NO. 21/1 A, KWIN NO. 1172, LET PAN WIN KWIN, LET PAN WIN VILLAGE TRACT, BAGO TOWNSHIP, BAGO REGION

(h) Amount of Foreign Capital US$ 4.57 MILLION

(i) Period for Foreign Capital brought in WITHIN THREE YEARS FROM THE DATE OF ISSUANCE OF MIC PERMIT

(j) Total amount of capital (Kyat) EQUIVALENT IN KYAT OF US$ 4.57 MILLION

(k) Construction period 1 (ONE) YEAR

(l) Validity of investment permit 50 YEARS

(m) Form of investment WHOLLY FOREIGN OWNED INVESTMENT

(n) Name of Company incorporated in Myanmar KENSTAR DISPLAY COMPANY LIMITED

Chairman

The Myanmar Investment Commission



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်
ခွင့်ပြုမိန့်

ခွင့်ပြုမိန့်အမှတ် ၁၀၅၄/၂၀၁၅　　　　၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ-၁၃၊ ပုဒ်မခွဲ(ခ) အရ ဤခွင့်ပြုမိန့်ကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်က ထုတ်ပေးလိုက်သည် -

(က) ရင်းနှီးမြှုပ်နှံသူ/ကမကထပြုသူအမည် MR. LIAO, YU-PIN

(ခ) နိုင်ငံသား TAIWANESE

(ဂ) နေရပ်လိပ်စာ 10F, NO.428, PUNHUA ROAD, TAICHUNG CITY 406, TAIWAN, REPUBLIC OF CHINA

(ဃ) ပင်မအဖွဲ့အစည်းအမည်နှင့် လိပ်စာ WINCAELUM GLOBAL COMPANY LIMITED, ROOM 41, 4th FLOOR, BRITANNIA HOUSE, CATOR ROAD, BANDAR SERI BEGAWAN BS 8811, NEGARA BRUNEI DARUSSALAM

(င) ဖွဲ့စည်းရာအရပ် BRUNEI DARUSSALAM

(စ) ရင်းနှီးမြှုပ်နှံသည့်လုပ်ငန်းအမျိုးအစား Industrial Display များ ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း

(ဆ) ရင်းနှီးမြှုပ်နှံသည့်အရပ်ဒေသ(များ) ဦးပိုင်အမှတ် ၂၁/၁ က၊ ကွင်းအမှတ် ၁၁၇၂ လက်ပံဝင်းကွင်း၊ လက်ပံဝင်းကျေးရွာအုပ်စု၊ ပဲခူးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး

(ဇ) နိုင်ငံခြားမတည်ငွေရင်း ပမာဏ အမေရိကန်ဒေါ်လာ ၄.၅၇ သန်း

(ဈ) နိုင်ငံခြားမတည်ငွေရင်းယူဆောင်လာရမည့်ကာလ ခွင့်ပြုမိန့်ရရှိသည့်နေ့မှ (၃) နှစ် အတွင်း

(ည) စုစုပေါင်း မတည်ငွေရင်းပမာဏ(ကျပ်) အမေရိကန်ဒေါ်လာ ၄.၅၇ သန်း နှင့် ညီမျှသော မြန်မာကျပ်ငွေ

(ဋ) တည်ဆောက်မှုကာလ ၁ နှစ်

(ဌ) ရင်းနှီးမြှုပ်နှံမှုခွင့်ပြုသည့် သက်တမ်း ၅၀ နှစ်

(ဍ) ရင်းနှီးမြှုပ်နှံမှုပုံစံ ရာခိုင်နှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု

(ဎ) မြန်မာနိုင်ငံတွင် ဖွဲ့စည်းမည့် ကုမ္ပဏီအမည် KENSTAR DISPLAY COMPANY LIMITED

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

THE REPUBLIC OF THE UNION OF MYANMAR
MYANMAR INVESTMENT COMMISSION
No.1, Thitsar Road, Yankin Township, Yangon

Our ref : DICA-3/FI-1212/2015(1779-b) Tel: 01- 658128
Date : 19th December 2015 Fax: 01-658141

Subject: **Decision of the Myanmar Investment Commission on the Proposal for "Manufacturing and Marketing of Industrial Display" under the name of "Kenstar Display Company Limited".**

Reference: Kenstar Display Company Limited, Letter dated (2-6-2015).

1. The Myanmar Investment Commission, at its meeting (22/2015) held on (11-12-2015), had approved that the proposal for investment in "Manufacturing and Marketing of Industrial Display" under the name of "Kenstar Display Company Limited" submitted by Wincaelum Global Company Limited (100 %) from Brunei Darussalam as a wholly foreign owned investment.

2. Hence, the "Permit" is herewith issued in accordance with Chapter VII, section 13(b) of Foreign Investment Law and Chapter VIII, Rule 49 of the Foreign Investment Rules relating to Foreign Investment Law. Terms and conditions to the "Permit" are stated in the following paragraphs.

3. The permitted duration of the project shall be 50 (fifty) years commencing from the date of the issuance of Myanmar Investment Commission's permit. The term of the Lease Agreement for land between U Sai Woon Mee San and Kenstar Display Company Limited shall be initial 30 (thirty) years and extendable 10 (ten) years in 2 (two) times from the date of signing of the Lease Agreement subject to the approval of Myanmar Investment Commission. On the expiry of the Lease period, the lessee shall transfer the leased land and immoveable properties to the lessor within 3(three) months in good condition, ground damages having been refilled and repaired.

4. The annual rent for the land shall be US$ 3,364.00 (United States Dollar three thousand, three hundred and sixty-four only) measuring 7,001.0678 square metres (1.73 acres). The rate of rent shall be revised in view of prevailing land lease rates after every 5 (five) years and increase of the rent shall not be more than 10 % of the preceding annual rent.

5. In issuing this "Permit," the Commission has granted the following exemptions and reliefs as per Chapter XII, section 27(a), (h), (i) and (k) of Foreign Investment Law. Other exemptions and reliefs under section 27 shall have to be applied upon the actual performance of the project:-

(a) As per section 27(a), income tax exemption for a period of five consecutive years including the year of commencement on commercial production;

(b) As per section 27(h), exemption or relief from customs duty or other internal taxes or both on machinery, equipment, instruments, machinery components, spare parts and materials used in the business, which are imported as they are actually required for use during the period of construction of business;

(c) As per section 27(i), exemption or relief from customs duty or other internal taxes or both on raw materials imported for production for the first three-year after the completion of construction of business;

(d) As per section 27(k), exemption or relief from commercial tax on the goods produced for export.

6. Kenstar Display Company Limited shall have to sign the Lease Agreement for land and buildings with U Sai Woon Mee San. After signing the Agreement, (5) copies shall have to be forwarded to the Commission.

7. Kenstar Display Company Limited in consultation with the Company Division, Directorate of Investment and Company Administration shall have to be registered. After registration, (5) copies each of Certificate of Incorporation and Memorandum of Association and Articles of Association shall have to be forwarded to the Commission.

8. Kenstar Display Company Limited shall use its best efforts for timely realization of works stated on the proposal. If none of such works has been commenced within one year from the date of issue of this "Permit", it shall become null and void.

9. Kenstar Display Company Limited has to abide by Chapter X, Rule 58 and 59 of the Foreign Investment Rules for construction period.

17. Kenstar Display Company Limited has the right to make account transfer and expend the foreign currency from his bank account in accordance with Chapter XVI, Rule 136 of the Foreign Investment Rules and for account transfer of local currency generated from the business to the local currency account opened at the bank by a citizen or a citizen-owned business in the Union and right to transfer back the equivalent amount of foreign currency from the foreign currency bank account of a citizen or citizen-owned business by submitting the sufficient document in accordance with Chapter XVII, Rule 145 of the Foreign Investment Rules.

18. Kenstar Display Company Limited shall report to the Commission for any alteration in the physical and financial plan of the project. Cost overrun, over and above the investment amount pledged in both local and foreign currency shall have to be reported as early as possible.

19. Kenstar Display Company Limited shall be responsible for the preservation of the environment at and around the area of the project site. In addition to this, it shall carry out as per instructions made by Ministry of Environmental Conservation and Forestry in which to conduct an Initial Environmental Examination (IEE) and an Environmental Management Plan (EMP) which describe the measure to be taken for preventing, mitigation and monitoring significant environmental impacts resulting from the implementation and operation of proposed project or business or activity. It has to prepare, submit and perform activities in accordance with this EMP and abide by the environmental policy, Environmental Conservation Law and other environmental related rules and procedures.

20. After getting permit from Myanmar Investment Commission, Kenstar Display Company Limited shall have to be registered at the Directorate of Industrial Supervision and Inspection.

21. Kenstar Display Company Limited shall have to abide by the Fire Services Department's rules, regulations, directives and instructions. Moreover, fire prevention measures shall have to undertake such as water storage tank, fire extinguishers and provide training to use the fire fighting equipments and also to appoint fire safety officer.

22. Payment of principal and interest of the loan (if any) as well as payment for import of raw materials and spare parts etc., shall only be made from export earning of Kenstar Display Company Limited.

23. Kenstar Display Company Limited in consultation with Myanma Insurance shall effect such types of insurance defined under Chapter XII, Rule 79 and 80 of the Foreign Investment Rules.

(Zay Yar Aung)
Chairman

Kenstar Display Company Limited

cc: 1. cc: 1. Office of the Government of the Republic of the Union of Myanmar

2. Ministry of Home Affairs
3. Ministry of Foreign Affairs
4. Ministry of Environmental Conservation and Forestry
5. Ministry of Electric Power
6. Ministry of Immigration and Population
7. Ministry of Industry
8. Ministry of Commerce
9. Ministry of Finance
10. Ministry of National Planning and Economic Development
11. Ministry of Labour, Employment and Social Security
12. Central Bank of Myanmar
13. Office of the Bago Region Government
14. Director General, Fire Services Department
15. Director General, Department of Environmental Conservation
16. Director General, Immigration and National Registration Department
17. Director General, Directorate of Industrial Supervision and Inspection
18. Managing Director, No. (3) Heavy Industry Enterprise
19. Director General, Directorate of Trade

20. Director General, Customs Department
21. Director General, Internal Revenue Department
22. Director General, Directorate of Investment and Company Administration
23. Director General, Department of Urban and Housing Development
24. Director General, Directorate of Labour
25. Managing Director, Myanma Electric Power Enterprise
26. Managing Director, Myanma Foreign Trade Bank
27. Managing Director, Myanma Investment and Commercial Bank
28. Managing Director, Myanma Insurance
29. Chairman, Republic of the Union of Myanmar Federation of Chambers of Commerce and Industry(UMFCCI)

ကုမ္ပဏီအမည်- Kenstar Display Co., Ltd.
လုပ်ငန်း- Industrial Display များထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း

စဉ်	အကြောင်းအရာ	ဆောင်ရွက်သည့်နေ့စွဲ	ပြန်ကြားချက်ရရှိသည့် နေ့စွဲ	မှတ်ချက်
၁	အဆိုပြုလွှာလက်ခံရရှိခြင်း	၂-၆-၂၀၁၅		
၂	**သဘောထားမှတ်ချက်တောင်းခံခြင်း**			
	(က) ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့	၁၈-၆-၂၀၁၅	၁၉-၁၀-၂၀၁၅	
	(ခ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန	၁၈-၆-၂၀၁၅	၄-၈-၂၀၁၅	
	(ဂ) စက်မှုဝန်ကြီးဌာန	၁၈-၆-၂၀၁၅	၁၀-၇-၂၀၁၅	
	(ဃ) သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန	၁၈-၆-၂၀၁၅	၁၀-၇-၂၀၁၅	
၃	အဆိုပြုချက်စိစစ်ရေးအဖွဲ့အစည်းအဝေး ၁၉/၂၀၁၅ သို့ တင်ပြခြင်း	၈-၆-၂၀၁၅		
၄	အဆိုပြုလွှာ လက်ခံကြောင်းစာ ပေးပို့ခြင်း	၁၂-၆-၂၀၁၅		
၅	ကုမ္ပဏီသို့ ပြင်ဆင်တင်ပြရန် အကြောင်းကြားခြင်း	၁၃-၇-၂၀၁၅		
၆	အဆိုပြုလွှာ ပြန်လည်ပေးပို့ခြင်း	၂၈-၈-၂၀၁၅		ကုမ္ပဏီမှ လိုအပ်ချက်များ ပြင်ဆင်တင်ပြရန် ကြန့်ကြာနေပါ၍ ရက်ပေါင်း (၉၀) ကျော်လွန်နေပါသဖြင့် အဆိုပြုလွှာ ပြန်လည်ပေးပို့ရခြင်းဖြစ်ပါသည်။

၁	ကုမ္ပဏီမှ အဆိုပြုလွှာ ပြန်လည်တင်ပြလာခြင်း		၂၂-၁၀-၂၀၁၅	
၂	ကုမ္ပဏီသို့ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောထားမှတ်ချက် ပြန်ကြားခြင်း	၂၉-၁၀-၂၀၁၅		
၃	ကုမ္ပဏီမှ ပဲခူးတိုင်းဒေသကြီးအစိုးရ အဖွဲ့၏ သဘောထားမှတ်ချက်နှင့် အညီ ပြင်ဆင်တင်ပြလာခြင်း		၂-၁၂-၂၀၁၅	
	စုစုပေါင်းကြာမြင့်ရက် ၁၈၁ ရက်			

- ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ အဆိုပြုလျှောက်ထားသောမြေသည် ဒေါ်သန်းသန်းဌေး အမည်ဖြင့် နှစ် ၃၀ စက်မှုဂရန် ရရှိထားပြီး ဦးစိုင်းဝန်းမီးဆမ်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ထား၍ ဦးစိုင်းဝန်းမီးဆမ် အမည်ပေါက် ရရှိပြီးမှသာ ခွင့်ပြုသင့်ပါကြောင်း သဘောထားမှတ်ချက် ပြန်ကြားလာပါ၍ ကုမ္ပဏီသို့ ပဲခူးတိုင်းဒေသကြီးအစိုးရ အဖွဲ့၏ သဘောထားမှတ်ချက်နှင့် အညီဆောင်ရွက်ရန် အကြောင်းကြားခဲ့ပါသည်။

- ကုမ္ပဏီမှ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောထားမှတ်ချက်နှင့် အညီ ဦးစိုင်းဝန်းမီးဆမ် အမည်ပေါက် ရရှိအောင် ဆောင်ရွက်နေပါ၍ ရက်ပေါင်း (၁၈၁) ရက် ကြာမြင့်ရခြင်းဖြစ်ပါသည်။

အကြောင်းအရာ။ ရခိုင်နှင့်ပြည့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဖြင့် Kenstar Display Co., Ltd. တည်ထောင်၍ Industrial Display များထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုတင်ပြလာခြင်းကိစ္စ

၁။	ကုမ္ပဏီအမည်/ ကမကထပြုသူ	- Kenstar Display Co., Ltd. - Mr. Liao Yu-Pin (ထိုင်ဝမ်)
	အဖွဲ့အစည်းပုံသဏ္ဍာန်	- ရခိုင်နှင့်ပြည့်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု - Wincaelum Global Co., Ltd. (ဘရူနိုင်းဒါရုဆာလမ်)
	လုပ်ငန်းအမျိုးအစား	- Industrial Display များထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း
၂။	တည်နေရာ	- ဦးပိုင်အမှတ် ၂၁/၁^က^၊ ကွင်းအမှတ် ၁၁၇၂၊ လက်ပံဝင်းကွင်း၊ လက်ပံဝင်းကျေးရွာ၊ ပဲခူးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး
	မြေအကျယ်အဝန်း	- ၇,၀၀၁.၀၇ စတုရန်းမီတာ (၁.၇၃ ဧက)
	အဆောက်အဦအကျယ်အဝန်း	- ၃၀.၄ မီတာ x ၅၄.၄ မီတာ x ၈ မီတာ နှင့် ၈.၂၃ မီတာ x ၃၇.၄ မီတာ x ၆ မီတာ ကျယ်သော နှစ်ထပ် အဆောက်အဦ နှစ်လုံး ဆောက်လုပ်မည် ဖြစ်ပါသည်။
	မြေပိုင်ရှင်	- ဦးစိုင်းဝန်းမီးဆမ်
၃။	နှစ်စဉ်မြေငှားရမ်းခ	- US$ ၃,၃၆၄.၀၀ - တစ်နှစ် တစ်စတုရန်းမီတာလျှင် US$ ၀.၄၈ နှုန်း
	မြေငှားသက်တမ်း	- ကနဦး ၃၀ နှစ် နှင့် ၁၀ နှစ် ၂ ကြိမ်သက်တမ်းတိုး
၄။	လုပ်ငန်းသက်တမ်း	- ၅၀ နှစ်
	တည်ဆောက်ရေးကာလ	- ၁ နှစ်
၅။	စုစုပေါင်းရင်းနှီးမြှုပ်နှံမှု	- အမေရိကန်ဒေါ်လာ ၄.၅၇ သန်း
	ထည့်ဝင်သည့် အမျိုးအစား	- US$ သန်း
	ငွေသား	၁.၅၃
	စက်နှင့်စက်ပစ္စည်း (ပြည်ပ)	၁.၈၆
	ရုံးသုံးပရိဘောဂ (ပြည်တွင်း)	၀.၁၈
	အဆောက်အဦ	၁.၀၀
	စုစုပေါင်း	၄.၅၇
၆။	ဝန်ထမ်းအင်အား (ပထမနှစ်)	- ၅၅ ဦး
	ပြည်တွင်း	- ၅၃ ဦး (ပြည်တွင်းမှ အနိမ့်ဆုံး ဝန်ထမ်းတစ်ဦး လစာမှာ US$ ၁၂၀ ၊ အမြင့်ဆုံးဝန်ထမ်းတစ်ဦး လစာမှာ US$ ၇၀၀)
	ပြည်ပ	- ၂ ဦး (ပြည်ပမှ အနိမ့်ဆုံးဝန်ထမ်းတစ်ဦး လစာမှာ US$ ၁,၀၀၀၊ အမြင့်ဆုံးဝန်ထမ်းတစ်ဦး လစာမှာ US$ ၁,၂၀၀)
၇။	ရောင်းချမည့်ဝနစ်	- ၁၀၀ % ပြည်ပသို့ တင်ပို့ခြင်း
၈။	ကုမ္ပဏီ၏ ဝင်ငွေ (ဆဋ္ဌမနှစ်)	- US$ ၂၂.၄၀ သန်း
	ကုမ္ပဏီ၏ အသုံးစရိတ် (ဆဋ္ဌမနှစ်)	- US$ ၂၀.၆၉ သန်း
	ကုမ္ပဏီ၏ အသားတင်အမြတ် (ဆဋ္ဌမနှစ်)	- US$ ၁.၇၁ သန်း

၉။	နိုင်ငံတော်မှရရှိမည့်အကျိုးအမြတ် (ဆဋ္ဌမနှစ်) ဝင်ငွေခွန်	 - US$ ၀.၅၇ သန်း (၁ US$ = ၁၀၀၀ ကျပ်ဖြင့် တွက်ချက်တင်ပြထားပါသည်။)
	အရင်းကြေကာလ	- ၃ နှစ် ၂ လ
	အရင်းအနှီးပေါ် အကျိုးအမြတ်ပြန်ပေါ်နှုန်း (IRR)	- ၃၄.၇၂ %
၁၀။	လျှပ်စစ်ဓါတ်အားသုံးစွဲမှု	- ၃၁၅ KVA
၁၁။	ဆဋ္ဌမနှစ် ထုတ်လုပ်မှု	
		ပြည်ပပို့ (Pcs) / ရောင်းဈေးနှုန်း (US$/Pcs)
	Character type LCM	၁,၈၀၀,၀၀၀ / ၆.၀၀
	Graphic type LCM	၁,၀၀၀,၀၀၀ / ၇.၀၀
	COG type LCM	၅၀၀,၀၀၀ / ၆.၀၀
	OLED LCM	၁၆၀,၀၀၀ / ၁၀.၀၀
၁၂။	CSR	- ၂%
၁၃။	မီးဘေးကြိုတင်ကာကွယ်ရေးစီမံချက်	- မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ရေပုံး၊ မီးချိတ်၊ မီးကတ်၊ သဲအိတ်၊ မီးသတ်ဆေးဗူးများကိုလည်း ထားရှိမည် ဖြစ်ပါကြောင်း၊ မီးဘေးကာကွယ်ရေးသင်တန်းများသို့ ဝန်ထမ်းများအား တက်ရောက်စေမည် ဖြစ်ပါကြောင်း၊ ဆေးလိပ်သောက်ရမည့် ဧရိယာ သတ်မှတ်ပေးထားမည် ဖြစ်ပါကြောင်း၊ မီးသတ်ဆေးဗူးများ ကောင်းမွန်ခြင်းရှိ- မရှိ (၁၅) ရက်တစ်ကြိမ် စစ်ဆေးမည် ဖြစ်ပါကြောင်း တင်ပြထားပါသည်။
၁၄။	ငွေရေးကြေးရေးအထောက်အထား	- Wincaelum Global Co., Ltd. သည် ငွေကြေးခိုင်မာမှုရှိကြောင်း E.Sun Commercial Bank, Ltd. ၏ ၁၅-၄-၂၀၁၅ ရက်စွဲဖြင့်ထောက်ခံစာမိတ္တူနှင့် ၁၃-၂-၂၀၁၅ ရက်စွဲဖြင့် ဘရူနိုင်းဒါရုဆာလမ်နိုင်ငံတွင် ဖွဲ့စည်းထားသော ကုမ္ပဏီမှတ်ပုံတင်မိတ္တူတို့ကို တင်ပြထားပါသည်။

ကုမ္ပဏီအမည်	-	Kenstar Display Co., Ltd.
အဖွဲ့အစည်းပုံသဏ္ဍာန်	-	ရာခိုင်နှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု
လုပ်ငန်းအမျိုးအစား	-	Industrial Display များ ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း
တည်နေရာ	-	ဦးပိုင်အမှတ် ၂၁/၁ (က)၊ ကွင်းအမှတ် ၁၁၇၂၊ လက်ပံဝင်းကွင်း၊ လက်ပံဝင်းကျေးရွာ၊ ပဲခူး မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး
စုစုပေါင်းရင်းနှီးမြှုပ်နှံမှု	-	အမေရိကန်ဒေါ်လာ ၄.၅၇ သန်း
ရောင်းချမည့်စနစ်	-	၁၀၀ % ပြည်ပသို့ တင်ပို့ခြင်း
လုပ်ငန်းသက်တမ်း	-	၅၀ နှစ်
အရင်းကြေကာလ	-	၃ နှစ် ၂ လ
IRR	-	၃၄.၇၂ %

အထက်ပါလုပ်ငန်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏ Cost & Benefit ကို အောက်ပါဇယားဖြင့် ပြုစုတင်ပြအပ်ပါသည်-

စဉ်	အကြောင်းအရာ	Cost	Benefit
၁	နိုင်ငံ့ဝန်ထမ်း၏လစာ	ကျပ် ၂.၁၆၀ သန်း (တစ်နှစ်)	
၂	ကုမ္ပဏီမှတ်ပုံတင်ကြေး	-	ကျပ် ၁.၁၆၅ သန်း
၃	သွင်းကုန်အခွန်ကင်းလွတ်ခွင့်	ကျပ် ၁၈.၅၉ သန်း	
၄	ကုန်သွယ်လုပ်ငန်းခွန်	-	-
၅	ဝင်ငွေခွန်	ကျပ် ၅၄၃.၇၅၆ သန်း	ကျပ် ၈၈၂.၃၃၅ သန်း
၆	ရေ၊ လျှပ်စစ်မီးသုံးစွဲခ		ကျပ် ၂၀၈.၇၁၇ သန်း
၇	လုပ်ခလစာအပေါ် ဝင်ငွေခွန်		တစ်နှစ် ဝင်ငွေ ကျပ် သိန်း (၂၀) ကျော်ပါက အခွန်ပေးရမည့် ဝန်ထမ်း (၁၅) ဦး
၈	CSR (၂%)		ကျပ် ၅၉.၇၈၃ သန်း
၉	မြေငှားရမ်းခရငွေ		ကျပ် ၁,၁၇၆.၀၀ သန်း
၁၀	အလုပ်အကိုင်အခွင့်အလမ်း		ပြည်တွင်း ၅၃ ဦး ပြည်ပ ၂ ဦး ပြည်တွင်းလုပ်သား (၅၃) ဦး အလုပ်အကိုင်ရရှိမည် ဖြစ်၍ ဒေသအလုပ်အကိုင် အခွင့်အလမ်းနှင့် ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေပါသည်။ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေပြီး ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို အထောက်အကူပြုစေနိုင်ပါသည်။
		ကျပ် ၅၆၄.၅၀၆ သန်း	ကျပ် ၃,၃၈၇.၀၃၆ သန်း
		၁ : ၆	

ကန့်သတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

စာအမှတ်၊ ရက- ၃/န-၁၂၁၂/၂၀၁၅(၁၇၀၉)
ရက်စွဲ၊ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၈ ရက်

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့
တင်ပြမည့် အမှာစာ

အကြောင်းအရာ။ **ရာခိုင်နှုန်းပြည့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဖြင့် Kenstar Display Co., Ltd. တည်ထောင်၍ Industrial Display များထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုတင်ပြလာခြင်းကိစ္စ**

၁။ ဘရူနိုင်းဒါရူဆာလမ်နိုင်ငံတွင် ဖွဲ့စည်းထားသော Wincaelum Global Co., Ltd. သည် ရာခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် မြန်မာနိုင်ငံတွင် Kenstar Display Co., Ltd. တည်ထောင်၍ ဦးပိုင်အမှတ် ၂၁/၁^က၊ ကွင်းအမှတ် ၁၁၇၂၊ လက်ပံဝင်းကွင်း၊ လက်ပံဝင်းကျေးရွာ၊ ပဲခူး မြို့နယ်၊ ပဲခူးတိုင်းဒေသကြီးရှိ မြေဧရိယာ ၁.၇၃ ဧက (၇,၀၀၁.၀၇ စတုရန်းမီတာ) ၌ Industrial Display များထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် သို့ အဆိုပြုလွှာ တင်ပြလာပါသည်။

၂။ အဆိုပြုချက်နှင့်အတူ မြေပိုင်ရှင် ဦးစိုင်းဝန်းမီးဆမ်နှင့် မြေငှားရမ်းသူ Kenstar Display Co., Ltd. တို့ ချုပ်ဆိုမည့် မြေငှားစာချုပ် (မူကြမ်း)၊ မြေဆိုင်ရာအထောက်အထားများ၊ လုပ်ငန်းတည်နေရာပြမြေပုံနှင့် မြန်မာနိုင်ငံတွင် ဖွဲ့စည်းမည့်ကုမ္ပဏီ၏ သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်း (မူကြမ်း) တို့ကိုပူးတွဲတင်ပြထားပါသည်။

၃။ မြေငှားသက်တမ်းမှာ ကနဦး ၃၀ နှစ်နှင့် နောက်ထပ် ၁၀ နှစ် ၂ ကြိမ်သက်တမ်းတိုး ဖြစ်ပြီး ၃၀.၄ မီတာ x ၅၄.၄ မီတာ x ၈ မီတာ နှင့် ၈.၂၃ မီတာ x ၃၇.၄ မီတာ x ၆ မီတာ ကျယ်သော နှစ်ထပ် အဆောက်အဦ နှစ်လုံး ဆောက်လုပ်မည် ဖြစ်ပါသည်။ နှစ်စဉ်မြေငှားရမ်းခမှာ US$ ၃,၃၆၄.၀၀ ဖြစ်ပြီး မြေငှားရမ်းခနှုန်းမှာ တစ်နှစ် တစ်စတုရန်းမီတာလျှင် US$ ၀.၄၈ နှုန်းဖြစ်ပါသည်။

၄။ လုပ်ငန်းစီမံကိန်းကာလမှာ ၅၀ နှစ် ဖြစ်ပြီး တည်ဆောက်ရေးကာလ ၁ နှစ် ကြာမြင့်မည် ဖြစ်ကြောင်း တင်ပြထားပါသည်။

၅။ လုပ်ငန်း၏ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုမှာ US$ ၄.၅၇ သန်း ဖြစ်ပြီး ၎င်းတွင် ငွေသား US$ ၁.၅၃ သန်း၊ စက်နှင့် စက်ပစ္စည်း (ပြည်ပ) US$ ၁.၈၆ သန်း၊ ရုံးသုံးပရိဘောဂ (ပြည်တွင်း) US$ ၀.၁၈ သန်းနှင့် အဆောက်အဦ US$ ၁.၀၀ သန်းတို့ ပါဝင်ပါသည်။

ကန့်သတ်

၆။ လုပ်ငန်းဆောင်ရွက်ရန်အတွက် ပထမနှစ်တွင် ပြည်တွင်းမှ ဝန်ထမ်း ၅၃ ဦးနှင့် ပြည်ပမှ ဝန်ထမ်း ၂ ဦး၊ စုစုပေါင်း ၅၅ ဦး ခန့်ထားမည်ဖြစ်ပါသည်။ ပြည်တွင်းမှ အနိမ့်ဆုံးဝန်ထမ်း တစ်ဦး၏ လစာမှာ US$ ၁၂၀ ဖြစ်ပြီး အမြင့်ဆုံးဝန်ထမ်းတစ်ဦး၏ လစာမှာ US$ ၇၀၀ ဖြစ်ပါသည်။ ပြည်ပမှ အနိမ့်ဆုံးဝန်ထမ်းတစ်ဦး၏ လစာမှာ US$ ၁,၀၀၀ ဖြစ်ပြီး အမြင့်ဆုံးဝန်ထမ်း တစ်ဦး၏ လစာမှာ US$ ၁,၂၀၀ ဖြစ်ပါသည်။

၇။ လုပ်ငန်းမှ ထွက်ရှိသော Display များကို ပြည်ပသို့ ၁၀၀% တင်ပို့မည်ဖြစ်ပါသည်။ ပုံမှန်နှစ် (၆ နှစ်မြောက်)၏ ထုတ်လုပ်မှုအရေအတွက်နှင့် ရောင်းဈေးနှုန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

အမျိုးအစား	ထုတ်လုပ်မှု (Pcs)	ရောင်းဈေးနှုန်း (US$/Pcs)
Character type LCM	၁,၈၀၀,၀၀၀	၆.၀၀
Graphic type LCM	၁,၀၀၀,၀၀၀	၇.၀၀
COG type LCM	၅၀၀,၀၀၀	၆.၀၀
OLED LCM	၁၆၀,၀၀၀	၁၀.၀၀

၈။ ဤလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့်ပုံမှန်နှစ် (၆ နှစ်မြောက်)တွင် ရရှိမည့် ကုမ္ပဏီ၏ ဝင်ငွေနှင့် အသုံးစရိတ် ခန့်မှန်းခြေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

		US$ (သန်း)
(က)	ဝင်ငွေ	၂၂.၄၀
(ခ)	အသုံးစရိတ်	၂၀.၆၉
(ဂ)	အသားတင်အမြတ်	၁.၇၁

၉။ ဤလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်မှ ပုံမှန်နှစ်တွင် ရရှိမည့် အကျိုးအမြတ် ခန့်မှန်းခြေမှာ ဝင်ငွေခွန် US$ ၀.၅၇ သန်း ရရှိမည်ဖြစ်ပါသည်။ လုပ်ငန်း၏ အရင်းကြေကာလမှာ ၃ နှစ် ၂ လ ဖြစ်ပြီး အရင်းအနှီးပေါ် အကျိုးအမြတ်ပြန်ပေါ်နှုန်း IRR မှာ ၃၄.၇၂ % ဖြစ်ပါသည်။ အမေရိကန်ဒေါ်လာ တစ်ဒေါ်လာလျှင် ၁၀၀၀ ကျပ်နှုန်းဖြင့် တွက်ချက်ဖော်ပြထားပါသည်။

၁၀။ အဆိုပြုလုပ်ငန်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာနများမှ အောက်ပါအတိုင်း သဘောထား မှတ်ချက်ပြန်ကြားထားပါသည် -

(က) ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့် နေရာသည် နောင်ပြု လုပ်မည့် (သို့မဟုတ်) လက်ရှိမြို့ပြစီမံကိန်းကို မထိခိုက်နိုင်ပါကြောင်း၊ မြို့နယ် အတွင်းရှိ ပြည်သူများအနေဖြင့် အလုပ်အကိုင် အခွင့်အလမ်းနှင့် ဒေသစီးပွားရေး ဖွံ့ဖြိုးမှုအတွက် အထောက်အကူဖြစ်နိုင်ပါကြောင်း၊ အဆိုပြုမြေနေရာအား စက်ရုံ အတွက် သုံးစွဲခြင်းအပေါ် ဒေသခံများက လူမှုရေး၊ စီးပွားရေး၊ သဘာဝ ပတ်ဝန်း ကျင်ထိန်းသိမ်းမှုတို့အရ လက်ခံနိုင်ပါကြောင်း၊ ဖော်ပြပါ မြေနေရာသည် မြေငှား

ဂရန် ရရှိပြီး ရွာမြေအမျိုးအစားဖြစ်သဖြင့် လုပ်ငန်းဆောင်ရွက်နိုင်မည့်မြေ အမျိုးအစား ဖြစ်ပါကြောင်း၊ လျှောက်ထားသောမြေသည် လယ်မြေအား ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ (၁၆-၃-၁၉၉၈) ရက်စွဲဖြင့် (၂၈-၂-၂၀၁၅)(၂၇-၂-၂၀၃၅) ထိ ဒေါ်သန်းသန်းဌေးအမည်ဖြင့် နှစ် (၃၀) စက်မှုဂရန်မြေရရှိထားပြီး (၁-၇-၂၀၁၅) နေ့တွင် ဦးစိုင်းဝန်းမီးဆမ်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုပြီး ဦးစိုင်းဝန်းမီးဆမ် အမည်ပေါက်ရရှိရေး ဆောင်ရွက်လျက်ရှိသဖြင့် ဦးစိုင်းဝန်းမီးဆမ် အမည်ပေါက်ရရှိပြီးက ခွင့်ပြုသင့်ကြောင်း သဘောထားပြန်ကြားလာရာ ကုမ္ပဏီမှ ဦးစိုင်းဝန်းမီးဆမ် အမည်ဖြင့် ဖော်ပြထားသော မြေစာရင်းပုံစံ ၁၀၅ နှင့် ၁၀၆ မြေအထောက်အထားမိတ္တူတို့ကို တင်ပြထားပါသည်။

နောက်ဆက်တွဲ(က)

(ခ) **ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနမှ** အဆိုပြု လုပ်ငန်းဆောင်ရွက်ခွင့်ပြုရန် ကိစ္စနှင့်ပတ်သက်၍ အောက်ဖော်ပြပါ အချက်များအတိုင်း လိုက်နာဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ပါကြောင်း သဘောထားမှတ်ချက်ပြန်ကြားထားပါသည် -

(၁) အဆိုပြုလုပ်ငန်းဆောင်ရွက်ခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်၊ လူမှုရေးနှင့် ကျန်းမာရေး ထိခိုက်မှုများ ရှောင်ရှားနိုင်ရန် စီမံကိန်းဆိုင်ရာအချက်အလက်များအား ပြည့်စုံစွာဖော်ပြပြီး လုပ်ငန်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေမည့် နည်းစနစ်အသုံးပြုခြင်း၊ အဆိုပြုလွှာတွင် ဖော်ပြပါရှိသည့် လူမှုရေးဆိုင်ရာ တာဝန်ခံမှု (CSR) အတွက် အမြတ်ငွေ၏ ၂ % ကို အသုံးပြုခြင်းတို့ အပါအဝင် ကတိကဝတ်များအား လုပ်ငန်းစီမံချက်များအတိုင်း လိုက်နာဆောင်ရွက်သွားရန်၊

(၂) စွန့်ပစ်ပစ္စည်းများအား စနစ်တကျ စွန့်ပစ်မည့် အစီအစဉ်များ ပါဝင်သည့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြည့်လေ့လာမည့် အစီအစဉ်၊ ပတ်ဝန်းကျင် ထိခိုက်မှုလျော့ပါးရေး ဆောင်ရွက်မည့် လုပ်ငန်းများအတွက် သုံးစွဲမည့် ရန်ပုံငွေစသည်တို့ ပါဝင်သည့် ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှု စီမံချက်(Environmental Management Plan- EMP) ရေးဆွဲတင်ပြရန်နှင့် ၎င်းအစီအစဉ်ပါအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(၃) ပြဋ္ဌာန်းထားသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့် အညီ လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ရန်။ ကုမ္ပဏီက သဘောထားမှတ်ချက်နှင့် အညီဆောင်ရွက်မည် ဖြစ်ကြောင်း ဝန်ခံကတိပြုတင်ပြထားပါသည်။

နောက်ဆက်တွဲ(ခ)

(ဂ) **စက်မှုဝန်ကြီးဌာနမှ** နှစ်အလိုက် ကုန်ကြမ်းလိုအပ်ချက်နှင့် ထုတ်လုပ်မှု ဆီလျော်မှု ရှိပါကြောင်း၊ ကုန်ကြမ်းဈေးနှုန်းနှင့် ကုန်ချောဈေးနှုန်း ဆီလျော်မှု ရှိပါကြောင်း၊ စက်အင်အားနှင့် လူအင်အား အချိုးအစားညီညွတ်မှု ရှိပါကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ၊ ပုဂ္ဂလိကစက်မှု လုပ်ငန်းဥပဒေနှင့် တည်ဆဲဥပဒေ လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်ပါက ကန့်ကွက်ရန် မရှိကြောင်း သဘောထား ပြန်ကြားထားပါသည်။ **နောက်ဆက်တွဲ(ဂ)**

(ဃ) **သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ** မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ပြဌာန်းထားသော စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့် ကိုက်ညီမှုရှိပါက ဆောင်ရွက်ခွင့်ပြုသင့်ပါကြောင်းနှင့် အခြားသဘောထားမှတ်ချက်ပေးပို့ရန် မရှိပါကြောင်း ပြန်ကြားထားပါသည်။ **နောက်ဆက်တွဲ(ဃ)**

၁၁။ ငွေရေးကြေးရေး အထောက်အထားအဖြစ် Wincaelum Global Co., Ltd. သည် ငွေကြေးခိုင်မာမှုရှိကြောင်း ထိုင်ဝမ်ရှိ E.Sun Commercial Bank, Ltd. မှ ၁၅-၄-၂၀၁၅ ရက်စွဲဖြင့် ထောက်ခံစာမိတ္တူနှင့် Wincaelum Global Co., Ltd. သည် ဘရူနိုင်းဒါရူဆာလမ်နိုင်ငံတွင် ၁၃-၂-၂၀၁၅ ရက်စွဲဖြင့် ကုမ္ပဏီ မှတ်ပုံတင်ထားသည့်မိတ္တူတို့ကို တင်ပြထားပါသည်။

၁၂။ **မီးဘေးကြိုတင်ကာကွယ်ရေးစီမံချက်** မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ရေပုံး၊ မီးချိတ်၊ မီးကတ်၊ သဲအိတ်၊ မီးသတ်ဆေးဗူးများကိုလည်း ထားရှိမည် ဖြစ်ပါကြောင်း၊ မီးဘေးကာကွယ်ရေးသင်တန်းများသို့ ဝန်ထမ်းများအား တက်ရောက်စေမည် ဖြစ်ပါကြောင်း၊ ဆေးလိပ်သောက်ရမည့် ဧရိယာသတ်မှတ်ပေးထားမည် ဖြစ်ပါကြောင်း၊ မီးသတ်ဆေးဗူးများ ကောင်းမွန်ခြင်းရှိ- မရှိ (၁၅) ရက်တစ်ကြိမ် စစ်ဆေးမည် ဖြစ်ပါကြောင်း တင်ပြထားပါသည်။

၁၃။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေပါ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုပါရန် တင်ပြထားပါသည်။

၁၄။ အဆိုပါလုပ်ငန်းသည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ၄၉/၂၀၁၄ ဖြင့်ထုတ်ပြန်ထားသည့် စီးပွားရေးလုပ်ငန်း အမျိုးအစားများတွင် ခွင့်မပြုသည့်လုပ်ငန်း၊ ဖက်စပ်စနစ်ဖြင့်သာ ဆောင်ရွက် ရမည့်လုပ်ငန်း၊ ကန့်သတ်ချက် တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစာရင်းတို့တွင် မပါဝင်သဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ခွင့်ပြုနိုင်သော လုပ်ငန်းအမျိုးအစား ဖြစ်ပါသည်။

၁၅။ အဆိုပြုချက်စိစစ်ရေးအဖွဲ့၏ ၁၉/၂၀၁၅ (၈-၆-၂၀၁၅) အစည်းအဝေးသို့ တင်ပြခဲ့ပါသည်။ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ပုဂ္ဂလိကမြေတွင် ငှားရမ်းဆောင်ရွက်ခွင့်ပြုပါရန် တင်ပြထားခဲ့ဖြစ်ပါသည်။

၁၆။ **စိစစ်တင်ပြချက်**

(က) Kenstar Display Co., Ltd. ၏ မိခင်ကုမ္ပဏီသည် ထိုင်ဝမ်တွင် ရုံးချုပ်ရှိပါကြောင်း၊ ထုတ်ကုန်များမှာ GPS၊ Electronic Fan၊ Air-con၊ Air-cooler ၊ မော်တော်ယာဉ်များတွင် ကီလိုမီတာပြဒိုင်ခွက်၊ နာရီစင်များရှိ Display Panel ၊ DVD Player စသည်တို့တွင် Digital ဖြင့် ကိန်းဂဏန်း၊ စာသားများဖော်ပြသည့် Display များ ဖြစ်ပါကြောင်း၊

ကန့်သတ်

၅

(ခ) ထုတ်လုပ်မှု နည်းစဉ်အနေဖြင့် Industrial Display ထုတ်လုပ်ရာ၌ Mother Board ကဲ့သို့ ကုန်ကြမ်းပစ္စည်းများ အားလုံးကို တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အများဆုံးတင်သွင်းပြီး Display များကို ကွန်ပျူတာနှင့် ဒီဇိုင်းရေးဆွဲပြီး ပုံစံခွက်ထဲသို့ ထည့်သွင်း၍ ကုန်ချောအဖြစ် ထုတ်လုပ်မည် ဖြစ်ပါကြောင်း၊ Phase I တွင် ပစ္စည်းအစိတ်အပိုင်း တပ်ဆင်ခြင်း လုပ်ကိုင်ဆောင်ရွက်မည် ဖြစ်ပြီး Phase II တွင် ပြည်ပမှ Printing စက်များ ဝယ်ယူ၍ လုပ်ကိုင်မည် ဖြစ်ပါကြောင်း၊ IT Chip ကို Software အသုံးပြု၍ ကွန်ပျူတာဖြင့် ထုတ်လုပ်မည် ဖြစ်ပါကြောင်း၊

(ဂ) Display Size မှာ ထုတ်လုပ်သည့် Display ပေါ်မူတည်၍ ၅ လက်မမှ ၇ လက်မ အထိရှိပါကြောင်း၊ စာတန်းမှာ နှစ်တန်းသွားမှ လေးတန်းသွားအထိရှိပြီး စာသားနှင့် ပုံသဏ္ဍာန်ကို အဓိကထား၍ ထုတ်လုပ်မည် ဖြစ်ကြောင်း၊ အဝါ၊ အစိမ်း၊ အပြာ အရောင်လေးမျိုးရှိပြီး လောလောဆယ် အရောင် (၂) မျိုး ထုတ်လုပ်နိုင်ရန် စမ်းသပ်နေပါကြောင်း၊

(ဃ) ကုမ္ပဏီအနေဖြင့် ကိုယ်ပိုင်အမှတ်တံဆိပ်နှင့် ထုတ်လုပ်ခြင်း မဟုတ်ဘဲ ကုမ္ပဏီများမှ အပ်နှံသည့် တံဆိပ်ဖြင့်သာ ထုတ်လုပ်နေပါကြောင်း၊ ထိုင်ဝမ်တွင် ပစ္စည်းထုတ်လုပ်ရာ၌ Winstar အမှတ်တံဆိပ်ကို အသုံးပြုပါကြောင်း၊ ISO- 14000 အသိအမှတ်ပြု လက်မှတ်နှင့် အခြားဆုများ ရရှိထားကြောင်း၊ Digital အသုံးပြုမည့် ပစ္စည်းများတွင် Display ကို အသုံးပြုပါကြောင်း၊ Organic Light Emitting Diode (OLED) ဟုခေါ်ပါကြောင်း၊ ဆိုင်းဘုတ်လုပ်သည့် LED နှင့် ယခု ထုတ်လုပ်သည့် LED မတူညီပါကြောင်း၊ LED ထက် အဆင့်မြင့်ပါကြောင်း အဆိုပြုချက်စိစစ်ရေးအဖွဲ့ အစည်းအဝေးတွင် ဆွေးနွေးထားပါသည်။

(င) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ပုဂ္ဂလိကမြေတွင် ငှားရမ်းဆောင်ရွက်ခွင့်ပြုရန် ကိစ္စကို ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးမှ ခွင့်ပြုပြီးမှသာ ခွင့်ပြုမိန့် ထုတ်ပေးမည် ဖြစ်ပါသည်။

ဆုံးဖြတ်ရန်အချက်

၁၇။ ရခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် မြန်မာနိုင်ငံတွင် Kenstar Display Co., Ltd. တည်ထောင်၍ ဦးပိုင်အမှတ် ၂၁/၁က၊ ကွင်းအမှတ် ၁၁၇၂ (လက်ပံဝင်းကွင်း)၊ လက်ပံဝင်းကျေးရွာ၊ ပဲခူးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီးရှိ မြေဧရိယာ ၁.၇၃ ဧက (၇,၀၀၁.၀၆၇၈ စတုရန်းမီတာ) ၌ Industrial Display များထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းနှင့်စပ်လျဉ်း၍ ခွင့်ပြုမိန့်ထုတ်ပေးရန် သဘောတူ-မတူ။

ဥက္ကဋ္ဌ(ကိုယ်စား)
(မြသူဇာ၊ တွဲဖက်အတွင်းရေးမှူး)

မိတ္တူ

ရုံးလက်ခံ

ကန့်သတ်
၆
ကုမ္ပဏီဒါရိုက်တာနှင့်အစုရှင်များ၏နေရပ်လိပ်စာစာရင်း

စဥ်	ကုမ္ပဏီအမည်	ဒါရိုက်တာ/အစုရှင်များ၏အမည်	ဒါရိုက်တာ/အစုရှင်များ၏ ဆက်သွယ်ရန်လိပ်စာ
၁။	Kenstar Display Co., Ltd.	Wincaelum Global Co., Ltd. Represented by	Britannia House, 41, 4th Floor, Cartor Road, Bandar Seri Begawan BS 8811 Negara Brunei Darussalam.
		(၁) Mr. Liao Yu-Pin Managing Director Taiwanese P. P No. 303062939	10F, No.428, Punhua Road, Taichung City 406, Taiwan, Republic of China.
		(၂) Mr. Yao-Wen Tsai Director Taiwanese P. P No. 301421238	10F, No.428, Punhua Road, Taichung City 406, Taiwan, Republic of China.
		(၃) Mr. Chiang Erh-Wei Director Taiwanese P. P No. 303588523	10F, No.428, Punhua Road, Taichung City 406, Taiwan, Republic of China.

၁။ ဆက်သွယ်ရမည့်တယ်လီဖုန်းနံပါတ်၊ ဖက်စ်နံပါတ် - ၀၉-၂၅၂၉၉၇၀၇၈

၂။ ဆက်သွယ်ရမည့် လိပ်စာအပြည့်အစုံ -

၃။ ဆက်သွယ်ရမည့်ပုဂ္ဂိုလ်အမည်၊ရာထူး - ဦးစိုင်းဝန်းမီးဆမ်

၄။ ကုမ္ပဏီအနေဖြင့်ဆောင်ရွက်သည့်လုပ်ငန်းများ - Industrial Display များထုတ်လုပ်ခြင်းလုပ်ငန်း

၅။ ကုမ္ပဏီမှတ်ပုံတင်အမှတ်/နေ့စွဲ - -

၆။ ကုမ္ပဏီမှတ်ပုံတင် သက်တမ်းကုန်ဆုံးသည့်နေ့စွဲ - -

၇။ ဘဏ်အမည်နှင့်ဘဏ်စာရင်းအမှတ် - -